ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
လသာမြို့နယ်တရားရုံး

# လ သာ မြို့ နယ် တ ရား ရုံး

## ၂၀၁၈ ခု နှစ်၊ တ ရား မ ကြီး မှု အ မှတ် ( ၄ )

## ၂၀၁၉ ခု နှစ်၊ အောက် တို ဘာ လ ( ၃၀ ) ရက်

ဒေါ်ကြည်ကြည်ဝင်း

တရားလို

နှင့်

မနိုင်

တရားပြိုင်

တရားလိုအတွက်--ဦးတင်မောင်ချို (တရားလွှတ်တော်ရှေ့နေ)

တရားပြိုင်အတွက် --ဒေါ်ယဉ်ယဉ်ဦး (တရားလွှတ်တော်ရှေ့နေ)

### ကြက်သားဖိုးငွေ ၂၃၆၀၀၀၀ ကျပ်ရလိုမှု

အမှုမှာ တရားလိုမှ တရားပြိုင်အပေါ် ကြက်သားဖိုးငွေ ၂၃၆၀၀၀၀ ရလိုမှု စွဲဆိုထားမှုဖြစ်သည်။

အမှုတွင် ရုံးတော်မှ တရားလို တရားပြိုင်များ၏ အဆိုအချေများအရ အောက်ပါအတိုင်း ငြင်းချက် ( ၃ ) ရပ်ထုတ်နုတ်ပေးခဲ့သည်။

( ၁ ) တရားလိုသည် တရားပြိုင်ထံမှ ကြက်သားဖိုးငွေ (၂၃၆၀၀၀၀ ) ကျပ် ရရန်ရှိသည်မှာ မှန်သလား။

( ၂ ) တရားပြိုင်မှ တရားလိုအား ကြက်သားဖိုးငွေ အစွန်းထွက်ကျန်ငွေ (၁၂) သိန်း သာပေးရန် ရှိသည်မှာ မှန်သလား။

( ၃ )  တရားလိုသည် မည်သည့်သက်သေခွင့် ရထိုက်သနည်း။

ငြင်းချက် ( ၁ )

တရားလိုမှထွက်ဆိုသည်မှာ မိမိသည် လသာမြို့နယ် အမှတ် (၂) ရပ်ကွက် ၁၈ လမ်း(အပေါ်) ဈေးတွင် နေ့စဉ်ကြက်သားရောင်းသူဖြစ်ကြောင်း၊ မိမိဆိုင်တွင် အလုပ်သမား ၈ ယောက် ခန့်ရှိကြောင်း၊ မိမိဆိုင်သို့ လသာမြို့နယ်၊ အမှတ် (၁) ရပ်ကွက်၊ ၁၈ လမ်းအောက်ဘက်တွင် နေထိုင်သော တရားပြိုင်မနိုင်မှ ကြက်သား လာဝယ်ရာမှ ရင်းနှီးခဲ့ပါကြောင်း၊ ၂၃-၅-၂၀၁၇ နေ့တွင် တရားပြိုင်မှ ကြက်သား၁ ပိဿာ ၈၀၀၀ ကျပ် နှုန်းဖြင့် ကြက်သား ၃၈ ပိဿာ (၃၀၄၀၀၀) ကျပ်ဖိုးနှင့် ကြက်သားအချိန် ၂၀ အား ၁ ပိဿာ ၇၅၀၀ ကျပ်ဖြင့် ၁၅၀၀၀၀ ဖိုးစုစုပေါင်း ၄၅၄၀၀၀ကျပ်ဖိုးအား ဘောင်ချာမူရင်းနှင့်အတူ ကျမ၏အလုပ်သမား ကိုသိန်းဝင်း နှင့် ကိုရန်နောင်စိုးတို့အား မနိုင်ထံသွားရောက်ပို့ခိုင်းခဲ့ကြောင်း၊ ကျသင့်ငွေများကို တရားပြိုင်က နောက်မှရှင်းပေးမည်ဟုပြောပါကြောင်း၊ နောက်ပိုင်း မနိုင်ထံ ကြက်သားဖိုးဘောက်ချာ (၇) စောင်ဖြင့် စုစုပေါင်းကြက်သားဖိုး ၂၃၆၀၀၀၀ ကျပ်တိတိကို ကိုရန်နောင်စိုးနှင့်ကိုသိန်းဝင်းတို့မှ အလီလီသွားရောက်ပို့ခဲ့ပါကြောင်း၊ ဘောင်ချာ(၇)စောင်၏ အသေးစိတ်ကျသင့်ငွေကိုတော့ မမှတ်မိကြောင်း၊ ဘောက်ချာ (၇)စောင်၏တာဝန်ခံမိတ္တူအား သက်သေခံ (က)မှ (က-၆)ဖြင့်တင်ပြခဲ့သည်။ ထို့သို့ ကြက်သားဖိုးငွေ ၂၃၆၀၀၀၀ကျပ်အား တရားပြိုင်မှ ပြန်ပေးဆပ်ခြင်းမရှိသဖြင့် အမှတ်(၂) ရပ်ကွက် အုပ်ချုပ်ရေးမှူးဦးကြင်အေးထံ တိုင်ကြားခဲ့ကြောင်း၊ ရပ်ကွက်ရုံးတွင် ကျမနှင့် မနိုင်တို့ မျက်နှာစုံညီဖြေရှင်းရာ တရားပြိုင်က ကြက်သား ဖိုးငွေ ၂၃၆၀၀၀၀ ကျပ်အား ယူးထားကြောင်းနှင့် ၁ လ လျှင် ၅၀၀၀၀၀ နှုန်းဖြင့် ပြန်လည်ပေးဆပ်ပါမည်ဟု ဝန်ခံလက်မှတ်ထိုးခဲ့ကြောင်း၊ သို့သော်လည်း ပြန်လည် ပေးဆပ်ခြင်းမရှိခဲ့ပါကြောင်း၊ ထို့သို့ပေးဆပ်ခြင်းမရှိသဖြင့် ကျမမှ တရားပြိုင်အား လသာတရားရုံးသို့ ရာဇဝတ်ကြောင်းအရ အရေးယူပေးရန်တိုင်ကြားခဲ့ကြောင်း၊ သို့သော်ကျမထံ ကြက်သားဖိုးငွေများပြန်လည်ပေးဆပ်ခြင်းမရှိသဖြင့် ဆက်လက်၍ တရားမကြောင်းအရ ယခုကဲ့သို့ ကြက်သားဖိုးငွေ ၂၃၆၀၀၀၀ ကျပ်ရလိုမှု တရားစွဲဆိုတိုင်တန်းရခြင်းဖြစ်ပါကြောင်းဖြင့်ထွက်ဆိုသည်။

အဆိုပါ တရားလိုနှင့် တရားပြိုင်အကြား ကြက်သားများအား ဘောက်ချာ (၇)စောင်ဖြင့် အလီလီဝယ်ယူခဲ့သည့် ကြက်သားဖိုးငွေ ၂၃၆၀၀၀၀ ကျပ်အား ပေးချေခြင်းမရှိသည့်ကိစ္စ နှင့် ပတ်သတ်၍ လိုပြ( ၂ ) ရန်နောင်စိုးမှ ထွက်ဆိုသည်မှာ

မိမိသည်ယခင်က တရားလို၏ကြက်သားဆိုင်တွင် အလုပ်လုပ်သူ တစ်ဦးဖြစ်ကြောင်း၊ တရားပြိုင်သည် လသာမြို့နယ် ၁၈လမ်း၊ အိမ်နံပါတ် ၅၂ တွင် နေထိုင်ပြီး ၎င်းထံသို့ ကျွတော်နှင့် ငွေးထုံး(ခ)တင်မောင်ဇင်တို့က ကြက်သားများသွားပို့ရပါကြောင်း၊ ဘောက်ချာများနှင့်အတူ သွားပို့ရခြင်းဖြစ်ကြောင်းနှင့် စုစုပေါင်း (၇) ကြိမ်ခန့် ပို့ခဲ့ပါကြောင်း၊ ထိုသို့ပို့ခဲ့သော ကြက်သားဖိုးငွေစုစုပေါင်းတန်ဖိုးမှာ ၂၃၆၀၀၀၀ ကျပ်ဖြစ်ကြောင်း၊ ကျွတော်တို့ကြက်သားပို့ချိန်တွင် တရားပြိုင်မှ ကြက်သားဖိုးငွေကို မရှင်းပေးပါ နောက်မှပေါင်းရှင်းမည်ဟု ပြောပါကြောင်း၊ ကျွတော်တို့သွားတောင်းသည့်အခါလည်း နောက်မှရှင်းပေးမည် လာပေးမည်ဟုပြောခဲ့ကြောင်း၊ ထို့နောက် တရားလိုမှ တရားပြိုင်အား ကြက်သားဖိုးငွေများမပေးသဖြင့် ရပ်ကွက်အုပ်ချုပ်ရေးရုံးတွင်တိုင်တန်းခဲ့ကြောင်းဖြင့်ထွက်ဆိုသည်။

လိုပြ(၃) ဦးသိန်းဝင်းမှထွက်ဆိုသည်မှာ မိမိသည် တရားလို၏ ကြက်သားဆိုင်တွင် အလုပ်လုပ်သူ တစ်ဦးဖြစ်ကြောင်း၊ တရားပြိုင်သည်ဆိုင်တွင်ကြက်သားလာဝယ်၍ ကောင်းစွာသိကြောင်း၊ ကျွတော်နှင့်ရန်နောင်စိုးမှာ ကြက်သားများကို မနိုင်ထံသွားပို့ရ၍ တရားပြိုင်မနိုင်၏အိမ်ကိုလည်းကောင်းစွာသိပါကြောင်း၊ မနိုင်အိမ်သို့ ဘောက်ချာ(၇)စောင်ဖြင့် ကြက်သားများအား (၇)ကြိမ် ရန်နောင်စိုးနှင့်အတူ သွားပို့ခဲ့ရကြောင်း၊ ကြက်သားဖိုးငွေများကို လက်ငင်းမရှင်းဘဲ နောက်မှ လာရှင်းမည်ဟုပြောခဲ့ကြောင်း၊ကြက်သားဖိုးစုစုပေါင်းကျသင့်ငွေမှာ ၂၃၆၀၀၀၀ ကျပ်ဖြစ်ကြောင်း၊ ကျွတော်နှင့်ရန်နောင်စိုးတို့သွားတောင်းသည့်အခါ ဆိုင်ကိုလာရှင်းမည်ဟု ပြောသော်လည်း လာရှင်းပေးခဲ့ခြင်းမရှိကြောင်း၊ ထို့ကြောင့်တရားလိုက မနိုင်အား ရပ်ကွက်ရုံးတွင်တိုင်ကြားခဲ့ကြောင်း၊ကျွတော့်အမည်မှာ မှတ်ပုံတင်အရ ကိုသိန်းဝင်းဖြစ်ပြီး ငွေးကုံး(ခ) တင်မောင်ဇင်ဟုလည်း သိကြပါကြောင်းဖြင့် ထောက်ခံထွက်ဆိုသွားကြသည်။

လိုပြ ( ၄ ) ဦးကျင်အေးမှထွက်ဆိုသည်မှာ မိမိသည် အမှတ်(၂) ရပ်ကွက်အုပ်ချုပ်ရေးမှူးတစ်ဦးဖြစ်ကြောင်း၊ ၁၂-၇-၂၀၁၇ နေ့က ဒေါ်ကြည်ကြည်ဝင်းမှ ရပ်ကွက်ရုံးသို့ ရောက်လာကာကြက်သားဖိုးငွေများမရသည့်အတွက် လာရောက်တိုင်တန်းပါကြောင်း၊ ၁၃-၇-၂၀၁၇ နေ့တွင် ဒေါ်ကြည်ကြည်ဝင်းနှင့် မနိုင်အား ရုံးသို့ခေါ်၍ ဖြေရှင်းရာမနိုင်မှ ကြက်သားဖိုးပေးရန်ရှိကြောင်းပြော၍ နှစ်ဦးသဘောတူ ခံဝန်ကတိပြုလုပ်ပေးခဲ့ကြောင်း၊ ခံဝန်ကတိပြုလွှာတွင် မနိုင်မှ လက်မှတ်ထိုးပြီး သက်သေအဖြစ် ဦးခရမ်းနှင့် ကိုအေးမင်းထွန်းတို့က လက်မှတ်ထိုးခဲ့ကြောင်း၊ အဆိုပါ ဝန်ခံကတိပြုလွှာအားသက်သေခံ (ခ)အဖြစ်တင်ပြခဲ့သည်။

တရားပြိုင်မှ ထွက်ဆိုသည်မှာ မိမိသည် ၁၇ လမ်းတွင်ကင်းပုဇွန်ရောင်းသူဖြစ်ကြောင်း၊ ကျမထံမှ ကင်းပုဇွန်လာဝယ်သူ မန္တလေးစာသောက်ဆိုင်မှ မဖြူ (ခ) မသီတာမှ ကြက်သားများများရောင်းသူရှိလားမေး၍ ကျမမှ တရားလိုကြက်သားရောင်းသည့်အကြောင်းပြောပြခဲ့ကြောင်း၊ နောက်နေ့တွင် မဖြူ (ခ) မသီတာ မှ ကျမအား တရားလိုထံမှ ကြက်သားအစမ်း ၁၅ ပိဿာဝယ်ခိုင်းကြောင်း၊ ကြက်သားအား မဖြူ (ခ) မသီတာ မှမှာယူသည့်အကြောင်းကိုလည်းတရားလိုအား ပြောပြခဲ့ကြောင်း၊ ဒီနေ့ဝယ်သည်ကိုနောက်နေ့ရှင်း၍ရလားမေးရာ တရာလိုမှ ရတယ် လာယူဟု ပြောခဲ့သဖြင့် ပထမဆုံးနေ့ဝယ်ယူသည့် ကြက်သား ၁၅ ပိဿာအတွက် ငွေရှင်းပေးပြီး နောက်ထပ် ၁၀ ပိဿာမှာယူခဲ့ကြောင်း၊ ဘောက်ချာများကို အသစ်ယူလျှင် အဟောင်းဖိုးနှင့် ရှင်းပေးခဲ့ရကြောင်း၊ ကြက်သားယူသည့်အခါ ၁၀၀၀၀၀ကျန် ၂၀၀၀၀၀ကျန်ရှိနေပြီး တရားလိုမှ ထိုကျန်ငွေများကိုပေါင်းလိုက်သောအခါ ငွေ ၁၂ သိန်းဖြစ်သောကြောင်း၊ တရားလိုမှ ကျမအားပိုက်ဆံပေးရန်ပြောကြားရာ ကျမမှ ပေးမည်ပြောပြီး မဖြူ(ခ) မသီတာထံသို့ဖုန်းဆက်ရာ ဖုန်းမကိုင်ကြောင်း၊ တရားလိုမှ ငွေ ၁သိန်းကို အတိုး ၄၀၀၀ ရှိကြောင်းပြော၍ ကျမမှ ပေးမည်ဟုပြောခဲ့ကြောင်း၊ ထို့နောက်တိုးရင်းပေါင်းငွေ ၂၄ သိန်း သတ်မှတ်ခဲ့ကြောင်း၊ ထိုကိစ္စနှင့်ပတ်သတ်၍ ရပ်ကွက်ရုံးတွင်လက်မှတ်ထိုးရန်ပြော၍ လက်မှတ်ထိုးပေးခဲ့ကြောင်း၊ ရပ်ကွက်ရုံးတွင် ၁လ လျှင် ၅ သိန်းမပေးနိုင်က ရဲစခန်းပို့မည့်ပြော၍ လက်မှတ်ထိုးပေးခဲ့ရကြောင်း၊ ထို့နောက်ပိုင်းကျမငွေမပေးနိုင်၍ ၁/၂ ရက်ခန့်စောင့်ပေးရန်ပြောသော်လည်း မရဘဲ လသာတရားရုံးတွင်တရားစွဲတိုင်တန်းခဲ့ခြင်းဖြစ်ကြောင်း၊ ရပ်ကွက်ရုံးတွင် ငွေ၁၂ သိန်းဟုထင်၍သာ လက်မှတ်ထိုးပေးခဲ့ခြင်းဖြစ်ပါကြောင်း၊ ငွေအားအမှန်တကယ် ပေးရန်တာဝန်ရှိသူမှာ အဝယ်တော် မသီတာသာဖြစ်ပါကြောင်းဖြင့် ထွက်ဆိုသည်။

ပြိုင်ပြသက်သေ ဒေါ်အေးစန်းမှထွက်ဆိုသည်မှာ မိမိသည် တရားပြိုင်နှင့် ညီအစ်မတော်စပ်သူဖြစ်ကြောင်း၊ တရားလိုအား ငွေ ၁၂ သိန်းပေးရန်ရှိသဖြင့် ညှိနှိုင်းပေးရန်ပြောသဖြင့် သွားရောက်ညှိနှိုင်းပေးရာ ၁လ ၁ သိန်းပေးမည်ပြောသည်ကို တရားလိုက ၁၂ သိန်းလုံးပေးမှ အမှုပိတ်ပေးမည်ဟုပြောကာ လက်မခံခဲ့ကြောင်း ထွက်ဆိုခဲ့ပြီး ပြိုင်ပြသက်သေ အေးသီတာမှ တရားလိုအား ငွေ ၂၅၀၀၀၀ ပေးရာတွင်လိုက်သွားဖူးကြောင်းထွက်ဆိုသည်။

နှစ်ဘက်ထွက်ဆိုချက်များအရ အချင်းကြက်သားဖိုးငွေ ၂၃၆၀၀၀၀ ကျပ်အား တရားပြိုင်ပေးရန်ရှိကြောင်းကို တရားလိုနှင့် လိုပြသက်သေများ၏ သက်သေထွက်ဆိုချက်များအရရှင်း၊ သက်သေခံ (က)မှ (က-၆) ဘောင်ချာမိတ္တူများအရရှင်း၊

သက်သေခံ(ခ) ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ပြုလုပ်ထားသည့် ဝန်ခံကတိပြုလွှာ အရင်းခိုင်လုံစွာတင်ပြထားသော်လည်း တရားပြိုင်မှာ အဆိုပါကြက်သားဖိုးငွေများကို မိမိထွက်ဆိုထားသကဲ့သို့ မဖြူ(ခ)မသီတာမှပေးဂ္ဂန်တာဝန်ဖြစ်ကြောင်း သက်သေအထောက်အထားများတင်ပြထားခြင်း မရှိပေ။ ထို့ပြင် မဖြူ(ခ)မသီတာမှ ဝယ်ယူခိုင်း၍ ဝယ်ပေးရခြင်းဖြစ်သည်ဟု ထွက်ဆိုထားသော်လည်း ၎င်းထွက်ချက်အား ထောက်ခံထွက်ဆိုထားသော မည်သည့်သက်သေမှ တင်ပြထား ခြင်းမရှိပေ။

သက်သေခံဥပဒေ၏အခြေခံမူတစ်ရပ်မှာ အမှုသည်ဘို့သည် မိမိရရှိနိုင်သော အကောင်း ဆုံးသောသက်သေခံချက်များကို တင်ပြရန်လိုအပ်သည်။ အကြောင်းခြင်းရာနှင့်ပတ်သတ်၍ သက်သေထင်ရှားပြဂ္ဂန်အတွက် သက်သေခံချက်များတင်ပြသည့် အခါ၌ တင်ပြနိုင်စွမ်းသော သက်သေများအနက် အကောင်းဆုံးသောသက်သေကို တင်ပြရမည် ဖြစ်သည်။ ယခုအမှုမှာ တရားလိုကြက်သားများကို တရားပြိုင်မှ အလီလီဘောင်ချာများဖြင့်ဝယ်ယူခဲ့ကြောင်းကို ထိုကြက်သားများအား တရားပြိုင် အိမ်ထံသွားရောက်ပို့ခဲ့ရကြောင်းနှင့် ငွေများအား လက်ငင်းရှင်းလင်းခဲ့ခြင်း မရှိခြင်း၊ နောက်ပိုင်းတွင်လည်းလာရောက် ပေးဆပ်ခြင်းမရှိသည့်အချက်များကို တရားလိုနှင့် လိုပြသက်သေများ၏ ထွက်ဆိုချက်များအရ တွေ့ရကြောင်း၊ ထို့ပြင် တရားပြိုင်၏ ထွက်ဆိုချက်များအရ ပင်လျှင် ကြက်သားများကို တရားလိုထံမှ ဘောက်ချာများဖြင့် ဝယ်ယူခဲ့ကြောင်း တွေ့မြင်ရပြီး သက်သေခံ (ခ) ဝန်ခံကတိ ပြုလွှာကိုလည်း ၁၂ သိန်းထင်၍ လက်ဗွေနှိပ် လက်မှတ်ထိုးပေးခဲ့သည် ဆိုသော်လည်း သက်သေခံ (ခ) လက်ဗွေလက်မှတ်များတော့ ၎င်းလက်ရေးလက်မှတ် မဟုတ်ကြောင်းငြင်းဆိုထားခြင်းမရှိပေ။ ထို့ပြင် တရားပြိုင်မှ ကြက်သားဖိုးငွေ ၁၂ သိန်းသာပေးရန်ရှိကြောင်း၊ တရားလိုမှ အတိုးများဖြင့်တွက်ကာ ၂၃၆၀၀၀၀ ကျပ်ဟုပြောနေခြင်းဖြစ်ကြောင်း၊ ထိုကြက်သားဖိုးငွေများကို ပေးဂ္ဂန်တာဝန်ရှိသူ မှာလည်းမိမိမဟုတ်ဘဲ မဖြူ(ခ) မသီတာဖြစ်ကြောင်း သက်သေထင်ရှားထုချေ ဖြေရှင်း နိုင်ခြင်း သက်သေပြသနိုင်ခြင်းမရှိသည့်အတွက် တရားလိုနှင့်လိုပြ သက်သေများ၏ ထွက်ဆိုချက်များအရရင်း၊ သက်သေခံ(က) မှ (က-၆) နှင့် သက်သေခံ(ခ)တို့ အရရင်း တရားပြိုင်သည် တရားလိုဒေါ်ကြည်ကြည်ဝင်းထံသို့ ကြက်သားဖိုးငွေအား ပေးဂ္ဂန်တာဝန်ရှိသည်မှာ ထင်ရှားသည်။ ထို့ကြောင့် ငြင်း ချက်( ၁ ) ဖြစ်သော တရားလိုတောင်းဆိုသောငွေ ( ၂၃၆၀၀၀၀ ) ကိုတရားပြိုင်မှ ပေးရန် တာဝန်ရှိသည် မှာမှန်သလားဆိုလျှင် မှန်ကြောင်းဖြေဆိုလိုက်သည်။

ငြင်းချက် ( ၂ )

အထက်ဖော်ပြပါ ငြင်းချက်( ၁ )၏ပေါ်ပေါက်ချက်များအရ တရားပြိုင်မှ တရားလိုအား ကြက်သားဖိုးငွေ အစွန်းထွက်ကျန်ငွေ (၁၂) သိန်း သာပေးရန် ရှိသည်မှာ မှားကြောင်းဖြေဆိုလိုက်သည်။

ငြင်းချက်(၃)

အထက်ဖော်ပြပါ ငြင်းချက်( ၁ )၏ပေါ်ပေါက်ချက်များအရ တရားလိုသည် ၎င်း တောင်းဆိုသော သက်သာခွင့်ဖြစ်သော ကြက်သားဖိုးငွေ ၂၃၆၀၀၀၀ ကျပ်အားရထိုက်ကြောင်း ဖြေဆိုပြီး အောက်ပါအတိုင်းအမိန့်ချ မှတ် သည်။

အမိန့်

အမှတ် ၁၀၃ -က ဆင်ဖြူရှင်လမ်း တပင်ရွှေထီးရပ်ကွက်၊ ဒလမြို့နေ ဒေါ်ကြည်ကြည်ဝင်းအား အမှတ် ၅၂ မြေညီထပ် ၁၈ လမ်း၊ ၅ ရပ်ကွက်၊ လသာမြို့နယ်နေ တရားပြိုင် မနိုင်မှ ကြက်သားဖိုးငွေ ၂၃၆၀၀၀၀ကျပ်အား ပေးဆပ်စေရန် စရိတ်နှင့် တကွ အနိုင်ဒီကရီ ချမှတ်သည်။

ဒိက် – ၂၀၉၉၀.

(ဇင်မာအောင်)
တွဲဖက်မြို့နယ်တရားသူကြီး
လသာမြို့နယ်တရားရုံး